ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် (၂၀ )          ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်

## မာတိကာစဉ်

၁။ International Criminal Court ( ICC ) မှ တရားသူကြီးများက အာဖဂန်နစ္စတန်နှင့် ပါလက်စတိုင်းဆိုင်ရာစုံစမ်းစစ်ဆေးမှုဆောင်ရွက်ခြင်း အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီ ပိတ်ဆို့မှုများပြုလုပ်သည့် Trump အား တရားစွဲဆို ၂ - ၄

၂။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လမှစတင်၍ Luxembourgကုမ္ပဏီများသည် အလုပ်ချိန် ပြင်ပဆက်သွယ်မှုများကို ငြင်းပယ်ပိုင်ခွင့်ဥပဒေပါ ဒဏ်ငွေပေးဆောင် ရမည့် အခြေအနေကို ရင်ဆိုင်ရနိုင်ခြင်း ၅ - ၇

၃။ ကိုယ်အလေးချိန် ပေါင် ၂၅၀ကျော်ရှိနေသည့် ၇ နှစ်အရွယ် သားဖြစ်သူ သေဆုံးခဲ့သည့်အပေါ် မိဘနှစ်ဦးအား လူသတ်မှုဖြင့် တရားစွဲဆိုခြင်း ၈ - ၉

၄။ ဗြိတိန်နိုင်ငံက အသက် ၁၆ နှစ်အောက်ကလေးများ 'အန္တရာယ်ကြီးမားသော' ဆိုရှယ်မီဒီယာလုပ်ဆောင်ချက်များ အသုံးပြုခွင့်ကို ကန့်သတ်ရန် စီစဉ်နေ ၁၀-၁၂

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၀ ) ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်

## International Criminal Court (ICC) မှ တရားသူကြီးများက အာဖဂန်နစ္စတန်နှင့် ပါလက်စတိုင်းဆိုင်ရာစုံစမ်းစစ်ဆေးမှုဆောင်ရွက်ခြင်းအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီ ပိတ်ဆို့မှုများပြုလုပ်သည့် Trump အား တရားစွဲဆို

အာဖဂန်နစ္စတန်နှင့် ပါလက်စတိုင်းတို့တွင် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် ပါဝင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး(ICC)မှ အရာရှိများအပေါ် ပိတ်ဆို့မှုများချမှတ်ရာတွင် အမေရိကန်သမ္မတ Donald Trumpသည် လုပ်ပိုင်ခွင့်အာဏာကန့်သတ်ချက်ထက် ကျော်လွန်လုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး(ICC)မှ တရားသူကြီးများဖြစ်သည့် Kimberly Prost, Solomy Bossaနှင့် Reine Alapini-Gansouတို့က ဗုဒ္ဓဟူးနေ့တွင် တရားစွဲဆိုခဲ့သည်။

နယူးယောက်တောင်ပိုင်းခရိုင်ရှိ US District Court တွင် တင်သွင်းထားသည့် အဆိုပါ တရားစွဲဆိုမှုသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သော ထရမ့်၏နိုင်ငံရေး အရေးပေါ် အခြေအနေကြေညာပြီး အစ္စရေးဝန်ကြီးချုပ် Benjamin Netanyahu အား အခြေအမြစ်မရှိ ဖမ်းဝရမ်းထုတ်ပြန်ခြင်းနှင့် အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့များ ကျူးလွန်ခဲ့ဖွယ်ရှိသော စစ်ရာဇဝတ်မှုများအတွက် အမှုဖွင့်ရန် ဆုံးဖြတ်ရာတွင် ပါဝင်ပတ်သက်သည့် ICC မှ အမှုလိုက်ရှေ့နေများနှင့် တရားသူကြီးများကို ပိတ်ဆို့ခဲ့သည့်အမိန့်ကို စိန်ခေါ်ခြင်းဖြစ်သည်။

ယင်းတို့၏တိုင်ကြားချက်တွင် အဆိုပါအမိန့်သည် အပြည်ပြည်ဆိုင်ရာဥပဒေအရ အမေရိကန်၏ တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်း၊ ကွန်ဂရက်လွှတ်တော်၏ ဆန့်ကျင်ဖက်လုပ်ရပ်များနှင့် နိုင်ငံတကာအရေးပေါ်စီးပွားလုပ်ပိုင်ခွင့်များအက်ဥပဒေနှင့် အမျိုးသားအရေးပေါ်အခြေအနေများအက်ဥပဒေတို့အရ သမ္မတ၏အခွင့်အာဏာကို ကျော်လွန်ခြင်းတို့ဖြင့် ဥပဒေပြုအာဏာကို ကျော်လွန်လျက်ရှိသည်ဟု အခိုင်အမာပြောဆိုထားပါသည်။ထို့ပြင် အဆိုပါအမိန့်သည် တရားမျှတသော လုပ်ထုံးလုပ်နည်းမရှိဘဲ ပိုင်ဆိုင်မှုသိမ်းယူခြင်းကို ခွင့်ပြုခြင်းဖြင့် အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပဉ္စမပြောက်ပြင်ဆင်ချက်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်းနှင့် ဥပဒေနှင့်မညီသော မတရားမှု

ဖြစ်သောကြောင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအက်ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အခိုင်အမာဖော်ပြထားသည်။

ကနေဒါနိုင်ငံမှ Kimberly Prost၊ ယူဂန္ဒာနိုင်ငံမှ Solomy Bossa နှင့် ဘီနင်နိုင်ငံမှ Reine Alapini-Gansouတို့သည် ခရီးသွားလာခွင့်ပိတ်ပင်မှုများ၊ ပိုင်ဆိုင်မှုများ ရပ်ဆိုင်းခံရမှု၊ နည်းပညာပလက်ဖောင်းများသို့ ဝင်ရောက်ခွင့် ကန့်သတ်ခံရမှုများနှင့် ဘဏ်အကောင့်များ ဖျက်သိမ်းခံရမှုကို ရင်ဆိုင်နေရသည့် ICC မှ အမှုလိုက်ရှေ့နေများနှင့် တရားသူကြီးများတွင် ပါဝင်သူများဖြစ်သည်။ ယခင်က အဆိုပါပိတ်ဆို့မှုအမိန့်များကို ဆန့်ကျင်သည့်တရားစွဲဆိုမှု ငါးကြိမ်ရှိခဲ့သော်လည်း ယခုစွဲဆိုမှုသည် ICC မှ တရားသူကြီးပါဝင်ခဲ့သည့် ပထမဆုံးစိန်ခေါ်မှုဖြစ်သည်။

အမေရိကန်နှင့် အစ္စရေးတို့သည် Rome Statues ၏ အဖွဲ့ဝင်များမဟုတ်သဖြင့် ICCထိန်းချုပ်မှုသို့မဟုတ် အခွင့်အာဏာအောက်တွင် အကျုံးဝင်မှုမရှိကြောင်းနှင့် ပိတ်ဆို့မှုများသည် ကျိုးကြောင်းဆီလျော်ကြောင်းကို Trump က အခိုင်အမာပြောဆိုခဲ့သည်။ ICC ၏ အပြစ်တင်သော အပြုအမူသည် အမေရိကန်၏ အချုပ်အခြာအာဏာကို ချိုးဖောက်ရန် ခြိမ်းခြောက်သည့်အပြုအမူဖြစ်ပြီး ပါဝင်ပတ်သက်သူတိုင်းသည် နိုင်ငံ၏အမျိုးသားလုံခြုံရေးအတွက် ပုံမှန်မဟုတ်သည့် ထူးခြားသောအန္တရာယ်ကိုဖြစ်စေကြောင်း Trump က ထပ်လောင်း ပြောကြားခဲ့သည်။

၂၀၀၂ ခုနှစ်တွင် Rome Statues အရ တည်ထောင်ခဲ့သော ICC သည် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုများနှင့် ကျူးကျော်ရန်စမှုဆိုင်ရာ ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများအပေါ် အခွင့်အာဏာရှိသည်။ အမေရိကန်သည် အဖွဲ့ဝင်နိုင်ငံ မဟုတ်သော်လည်း အခြားစုံစမ်းစစ်ဆေးမှုများတွင် ICC အား ထောက်ပံ့ပေးခဲ့ပါသည်။

နိုင်ငံတကာတရားစီရင်ရေးစနစ်၏ ထိရောက်မှုအားနည်းစေပြီး အကျိုးမရှိသော ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် တရားမျှတစွာဆောင်ရွက်ရမည့် တရားသူကြီးများအား မလိုအပ်ဘဲဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်းဖြင့် Trump ၏ အမိန့်အပေါ် လူ့အခွင့်အရေးနှင့် ဥပဒေဆိုင်ရာအဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် ကန့်ကွက်ရှုံ့ချခဲ့ကြသည်။

တရားစီရင်ရေးတာဝန်များကို ထမ်းဆောင်နေသည့် နိုင်ငံတကာတရားသူကြီးများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် တရားစီရင်ရေးလွတ်လပ်ခွင့်နှင့် တရားဥပဒေစိုးမိုးရေးတွင် မကြုံဖူးသည့် တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း Open Society Justice Initiative ၏ အမှုဆောင်ဒါရိုက်တာ James A. Goldston က သတင်းထုတ်ပြန်ချက်တွင် ပြောကြားခဲ့ပါသည်။

ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ<br>
ဝန်ကြီးရုံး<br>
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.jurist.org/news/2026/06/icc-judges-sue-trump-for-unconstitutional-sanctions-against-their-afghanistan-and-palestine-investigations/

## ၂၀၂၆ ခုနှစ်၊ ဇူလိုင်လမှစတင်၍ Luxembourg ကုမ္ပဏီများသည် အလုပ်ချိန်ပြင်ပ ဆက်သွယ်မှုများကို ငြင်းပယ်ပိုင်ခွင့်ဥပဒေပါ ဒဏ်ငွေပေးဆောင်ရမည့် အခြေအနေကို ရင်ဆိုင်ရနိုင်ခြင်း

ဒစ်ဂျစ်တယ်နည်းပညာများ တိုးတက်လာမှုနှင့်အတူ အလုပ်နှင့်ကိုယ်ပိုင်ဘဝ အကြား ဆက်သွယ်မှုများ ပိုမိုနီးကပ်လာပါသည်။ ယခင်က အလုပ်ချိန်ပြီးဆုံးသည်နှင့် အလုပ်တာဝန်များ ရပ်တန့်သွားလေ့ရှိသော်လည်း ယနေ့ခေတ်တွင် အီးမေးလ်၊ စာတိုပေးပို့မှုစနစ်များ၊ အွန်လိုင်းအစည်း အဝေးများနှင့် စမတ်ဖုန်းများကြောင့် ဝန်ထမ်းများသည် အလုပ်ချိန်ပြင်ပ၌ပင် အလုပ်နှင့် ဆက်စပ်သောဆက်သွယ်မှုများကို တုံ့ပြန်နေရသည့်အခြေအနေများ ကြုံတွေ့လာကြသည်။ ထိုအခြေအနေကို ဖြေရှင်းနိုင်ရန် Luxembourg နိုင်ငံက အလုပ်ချိန်ပြင်ပဆက်သွယ်မှုများကို ငြင်းပယ်ပိုင်ခွင့် (Right to Disconnect)ဟု ခေါ်သော အခွင့်အရေးကို Labour Code တွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

Luxembourg Parliament သည် ၂၀၂၃ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် Labour Code ကို ပြင်ဆင်သည့်ဥပဒေကို အတည်ပြုခဲ့ပြီး ဝန်ထမ်းများ၏ အလုပ်ချိန်ပြင်ပဆက်သွယ်မှုများကို ငြင်းပယ်ပိုင်ခွင့်(Right to Disconnect)ကို ဥပဒေအရ အကာအကွယ်ပေးခဲ့သည်။ဥပဒေသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် စတင်အာဏာတည်ခဲ့ပြီး Labour Code ၏ Article L.312-9 နှင့် Article L.312-10 တို့ကို အသစ်ထည့်သွင်းခဲ့သည်။

Article L.312-9 အရ အလုပ်အတွက် ဒစ်ဂျစ်တယ်ကိရိယာများကို အသုံးပြုရသောဝန်ထမ်းများ ရှိသည့် အလုပ်ရှင်များသည် ဝန်ထမ်းများ၏ အလုပ်ချိန်ပြင်ပဆက်သွယ်မှုများကို ငြင်းပယ်ပိုင်ခွင့် (Right to Disconnect)ကို အာမခံပေးနိုင်သော စနစ်တစ်ရပ်ကို ချမှတ်ထားရမည်ဖြစ်သည်။ယင်းစနစ်တွင် ဒစ်ဂျစ်တယ်ကိရိယာများမှ ခွဲထွက်နိုင်သည့်နည်းလမ်းများ၊ နည်းပညာဆိုင်ရာအစီအမံများ၊ အသိပညာပေးအစီအစဉ်များနှင့် သင်တန်းများပါဝင်ရမည် ဖြစ်သည်။

ဤဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ ဝန်ထမ်းများအား အလုပ်ချိန်ပြီးနောက် နားရက်များနှင့် ခွင့်ရက်များတွင် အလုပ်နှင့်သက်ဆိုင်သော အီးမေးလ်များ၊ ဖုန်းခေါ်ဆိုမှုများ သို့မဟုတ် အခြား

ဒစ်ဂျစ်တယ်ဆက်သွယ်မှုများကို တုံ့ပြန်ရန် ဖိအားပေးခံရခြင်းမှ ကာကွယ်ပေးရန်ဖြစ်သည်။တစ်နည်းအားဖြင့် ဝန်ထမ်းများ၏ "အနားယူခွင့်" (Right to Rest)ကို ဒစ်ဂျစ်တယ်ခေတ်နှင့် လိုက်လျောညီထွေဖြစ်အောင် ဥပဒေအရ အကာအကွယ်ပေးခြင်းဖြစ်သည်။အဆိုပါဥပဒေသည် ပုဂ္ဂလိကကဏ္ဍရှိ အလုပ်သမားများကို အဓိကရည်ရွယ်ထားခြင်းဖြစ်ပြီး Employment Contractဖြင့် ခန့်အပ်ထားသော ဝန်ထမ်းများ၊ သင်တန်းသားများ(Trainees)နှင့် အလုပ်သင်များ(Apprentices)များအထိ အကျုံးဝင်သည်။ဥပဒေကို ၂၀၂၃ ခုနှစ်တွင် အာဏာတည်စေခဲ့သော်လည်း အလုပ်ရှင်များအား ပြင်ဆင်ချိန်ပေးရန်အတွက် ပြစ်ဒဏ်ချမှတ်မှုကို သုံးနှစ်ခန့် ရွှေ့ဆိုင်းထားခဲ့သည်။ Article L.312-10 အရ ၂၀၂၆ ခုနှစ် ဇူလိုင်လမှစတင်၍ Right to Disconnect စနစ်ကို မသတ်မှတ်ထားသော သို့မဟုတ် ဥပဒေလိုအပ်ချက်များကို မလိုက်နာသော အလုပ်ရှင်များအား Labour and Mines Inspectorate(ITM)က ယူရို ၂၅၁ မှ ၂၅,၀၀၀ အထိ ဒဏ်ငွေချမှတ်နိုင်မည်ဖြစ်သည်။

ဥပဒေရေးရာရှုထောင့်မှကြည့်လျှင် Luxembourg ၏ Right to Disconnect ဥပဒေသည် အလုပ်ချိန်ကန့်သတ်မှု၊ အနားယူခွင့်နှင့် လုပ်ငန်းခွင်ကျန်းမာရေးကာကွယ်ရေးဆိုင်ရာ အလုပ်သမားဥပဒေစနစ်ကို ဒစ်ဂျစ်တယ်ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ဖွံ့ဖြိုးတိုးတက်စေသော ဥပဒေပြုပြင်ပြောင်းလဲမှုတစ်ရပ် ဖြစ်သည်။Remote Work နှင့် Hybrid Work စနစ်များ ပိုမိုကျယ်ပြန့်လာသည့် ယနေ့ခေတ်တွင် အလုပ်သမားများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ မိသားစုဘဝနှင့် Work-Life Balance ကို ကာကွယ်ရန် အရေးပါသော အလုပ်သမားအခွင့်အရေးတစ်ရပ်အဖြစ် လေ့လာတွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**sources:**

(1) https://www.nautadutilh.com/en/insights/right-to-disconnect-in-luxembourg-penalties-take-effect-on-july-4-2026/

(2) https://www.luxtimes.lu/businessandfinance/companies-face-fines-over-right-to-disconnect-rules-from-july/156536236.html

(3) https://www.globalcompliancenews.com/2023/07/11/https-insightplus-bakermckenzie-com-bm-investigations-compliance-ethics-luxembourg-new-law-on-the-right-to-disconnect-outside-working-hours_1_07042023/

## ကိုယ်အလေးချိန် ပေါင် ၂၅၀ ကျော်ရှိနေသည့် ၇ နှစ်အရွယ် သားဖြစ်သူ သေဆုံးခဲ့သည့်အပေါ် မိဘနှစ်ဦးအား လူသတ်မှုဖြင့် တရားစွဲဆိုခြင်း

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ကက်စပါ အိုဘရိုင်ယန် (Casper O'Brien) ဆိုသည့် ကောင်လေးသည် အသက်ရှူရခက်ခဲနေကြောင်း CBS သတင်းဌာန၏ လက်အောက်ခံ WNEM သို့ သတင်းပို့ချက်အရ သိရှိရသဖြင့် အရေးပေါ်လူနာတင်ယာဉ်ဝန်ထမ်းများက ဖလင့်မြို့နယ်ရှိ နေအိမ်သို့ သွားရောက်ခဲ့ကြသည်။

၎င်းတို့ရောက်ရှိသွားချိန်တွင် နေအိမ်အတွင်း၌ ပစ္စည်းများပြန့်ကျဲနေသည်ကို တွေ့ရှိရပြီးအဝတ် မပါဘဲ ၅ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး ပတ်ပြေးနေသည်ကို တွေ့ရှိရပါသည်။ ကက်စပါအိုဘရိုင်ယန်သည် အလွန်အမင်းအဝလွန်ကာ မလှုပ်ရှားနိုင်သဖြင့် ၎င်းအား ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှု ခံယူနေစဉ် ယင်းနေ့ညတွင်ပင် သေဆုံးသွားခဲ့ပါသည်။

ကက်စပါအိုဘရိုင်ယန်သည် အိပ်ရာထဲလဲနေပြီး ကျန်းမာရေးမကောင်းသဖြင့် ကျောင်းနေခဲ့ရခြင်းမရှိပါ။ ကလေးငယ်သေဆုံးမှုနှင့် စပ်လျဉ်း၍ ရင်ခွဲစစ်ဆေးရာ အလွန်အမင်းအဝလွန်ခြင်းကြောင့် နှလုံးကြွက်သားအားနည်းသည့်ရောဂါ (Dilated Cardiomyopathy )ဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ သေဆုံးမှုနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာ ကလေးငယ်၏ မိဘများဖြစ်သော ဒေမီယန် အိုဘရိုင်ယန် (Damien O'Brien)နှင့် ဂျက်စီကာ အိုဘရိုင်ယန် (Jessica O'Brien)တို့သည် ၎င်းတို့၏သားဖြစ်သူ ကက်စပါအိုဘရိုင်ယန်ကို ဆေးကုသနိုင်သည့် အလုပ်အကိုင်၊ ငွေကြေးအနေအထားရှိသော်လည်း ဆရာဝန်ထံ တစ်ကြိမ်သာ ခေါ်သွားခဲ့ဖူးကြောင်း ပတ်ဝန်းကျင်သက်သေများက ထွက်ဆိုကြပါသည်။

စကားမပြောနိုင်သည့် ကက်စပါအိုဘရိုင်ယန်သေဆုံးမှုသည် အာဟာရမျှတစွာ ကျွေးမွေးမှု မရှိခြင်း၊ ကလေးငယ်၏ကျန်းမာရေးကို လျစ်လျူရှုထားခြင်း၊ အစားအသောက်အနေအထိုင် ပုံမှန် မရှိခြင်း၊ညှဉ်းပန်းနှိပ်စက်မှုခံရခြင်းတို့ကြောင့်ဖြစ်ကြောင်း ဂျီနက်ဆီခရိုင်ဥပဒေအရာရှိ ဒေးဗစ်လေတန်က

ယူဆခဲ့သဖြင့် ကလေးငယ်၏မိဘများကို တရားစွဲဆိုရန်ဆောင်ရွက်ခဲ့ရာ အိုဘရိုင်ယန်တို့ဇနီးမောင်နှံသည် ယခုစွပ်စွဲချက်များဖြင့် အပြစ်ရှိကြောင်း ထင်ရှားပါက တစ်သက်တစ်ကျွန်းထောင်ဒဏ် ကျခံရနိုင်ဖွယ်ရှိပါသည်။ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်မည့် အမှုစစ်ဆေးရန် လုံလောက်သော အကြောင်းပြချက် ရှိ၊ မရှိ ဆုံးဖြတ်မည့် ရုံးတော်ကြားနာပွဲ (Probable Cause Conference)သို့ တက်ရောက်ရန် ၎င်းတို့ဇနီးမောင်နှံသည် တရားရုံးသို့ လာရောက်အစစ်ခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံ၏ မီချီဂန်ပြည်နယ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ 750.136 Bတွင် ကလေးသူငယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခြင်းအပါအဝင် တမင် မကျန်းမာအောင် ပြုလုပ်ခြင်း၊ ပေါ့ဆခြင်း၊ လျစ်လျူရှုခြင်းတို့နှင့်စပ်လျဉ်း၍ အပိုင်း(၄)ပိုင်းဖြင့် သတ်မှတ်ပြဋ္ဌာန်းထားပြီး စွပ်စွဲခံရသူများသည် ပြစ်မှုထင်ရှားပါက ထောင်ဒဏ်တစ်သက် တစ်ကျွန်းထိကျခံရမည် ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကလေးသူငယ်များ၏အခွင့်အရေးကို အမေရိကန်နိုင်ငံ၏ ပြည်တွင်းဥပဒေအရ အပြည့်အဝကာကွယ်ထားပြီး ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

တရားမစွဲမီဥပဒေအကြံပေးရေးနှင့်
တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်များ**

- https://www.cbsnews.com/detroit/news/michigan-parents-murder-boy-255-pounds/
- https://www.wnem.com/2026/06/26/flint-township-parents-charged-with-murder-torture-death-7-year-old-son/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၀ ) ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်

## ဗြိတိန်နိုင်ငံက အသက် ၁၆ နှစ်အောက် ကလေးများ 'အန္တရာယ်ကြီးမားသော' ဆိုရှယ်မီဒီယာ လုပ်ဆောင်ချက်များ အသုံးပြုခွင့်ကို ကန့်သတ်ရန် စီစဉ်နေ

ဗြိတိန်အစိုးရသည် အသက် ၁၆ နှစ်အောက်လူငယ်များကို အလိုအလျောက် ပျက်ပြယ်သွားမည့်မက်ဆေ့ချ်များ (disappearing messages)၊ တိုက်ရိုက်ထုတ်လွှင့်မှုများ (livestreaming)နှင့် အချစ်ရေးသို့မဟုတ် လိင်ပိုင်းဆိုင်ရာ AI ချက်ဘော့ဒ်များ(AI chatbots) အသုံးပြုခြင်းမှ တားမြစ် ရန် ကလေးသူငယ်များ၏ အွန်လိုင်းအသုံးပြုမှုလုံခြုံရန်အတွက် အစီအစဉ်အသစ်များ ချမှတ်ရန်စီစဉ်နေ သည်။ဝန်ကြီးချုပ် ကီယာ စတာမာ (Keir Starmer)သည် အဆိုပါအစီအစဉ်များကို တနင်္လာနေ့တွင် အကျဉ်းချုပ် ရှင်းလင်းတင်ပြမည်ဖြစ်သော်လည်း မည်သည့်ပလက်ဖောင်းများသည် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များ အသုံးပြုရန် ကန့်သတ်ထားသည့် ပလက်ဖောင်းများဖြစ်ကြောင်း နောက်ပိုင်းရက်မှသာ အသေးစိတ်ထုတ်ပြန်မည် ဖြစ်သည်။

အစီအစဉ်များအရ အသက် ၁၆ နှစ်အောက် ဆယ်ကျော်သက်များသည် "အန္တရာယ်ကြီးမားသော" ဆိုရှယ်မီဒီယာအက်ပလီကေးရှင်းများပေါ်တွင် ကန့်သတ်ချက်များနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး၊ "ပိုမိုဘေးကင်းသော"ပလက်ဖောင်းများပေါ်တွင် သတ်မှတ်ထားသော သီးခြားလုပ်ဆောင်ချက်များ အပေါ်တွင် ကန့်သတ်ခံရမည်ဖြစ်သည်။အသက် ၁၆ နှစ်အောက်များအတွက် အဆိုပါအန္တရာယ် ရှိသော လုပ်ဆောင်ချက်များတွင် အလိုအလျောက်ပျက်ပြယ်သွားမည့်မက်ဆေ့ချ်များ၊ အရွယ်ရောက် ပြီးသူ သူစိမ်းများနှင့် chatsလုပ်ခြင်းနှင့် တိုက်ရိုက်ထုတ်လွှင့်ခြင်းတို့ ပါဝင်ပြီး ယင်းလုပ်ဆောင်ချက် များသည် ကလေးသူငယ်များကို သွေးဆောင်ဖြားယောင်းခြင်း(grooming)နှင့်ကလေးသူငယ်လိင်ပိုင်း ဆိုင်ရာ အလွဲသုံးစားပြုမှုပြုခြင်းတို့နှင့် ဆက်စပ်နေသည်ဟု ဝန်ကြီးများနှင့် ဥပဒေစိုးမိုးရေးအေဂျင်စီ များက ယူဆထားကြသည်။

AIနည်းပညာဖြင့် ဖန်တီးထားသော "မသင့်လျော်သည့်ပုံများ(nudification)"ကို ထိရောက်စွာ နှိမ်နင်းရန် ယခင်က ချမှတ်ထားသောအစီအစဉ်များအပေါ်တွင် အခြေခံပြီး ယခုအစီအစဉ်သစ်သည် အသက် ၁၈ နှစ် အောက်များအား အချစ်ရေး သို့မဟုတ် လိင်ပိုင်းဆိုင်ရာ AI chatbots များ အသုံးပြု

ခြင်းကို တားမြစ်ထားသည်။ဝန်ကြီးချုပ် Starmer က နည်းပညာကုမ္ပဏီများအနေဖြင့် သုံးလအတွင်း လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပြဋ္ဌာန်းသွားမည်ဟု သတိပေးခဲ့သည်။ထို့ပြင် ဤစည်းမျဉ်းများသည် အသက်မပြည့်သေးသူများက မသင့်လျော်သည့်ပုံများကို ကြည့်ရှုခြင်း သို့မဟုတ် မျှဝေခြင်းတို့ကို တားဆီးရန် စက်ပစ္စည်းအဆင့်တွင် ထိန်းချုပ်သည့်စနစ်ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ဤအစီအစဉ်များသည် ကလေးသူငယ်များ၏ ဆိုရှယ်မီဒီယာနှင့် စမတ်ဖုန်းအသုံးပြုမှုအပေါ် ဇန်နဝါရီလက စတင်ခဲ့သော အမျိုးသားအဆင့်ဆွေးနွေးညှိနှိုင်းမှု **(national consultation)**မှ ထွက်ပေါ်လာသည့် အကြံပြုချက်များကို အခြေခံထားခြင်းဖြစ်သည်။အဆိုပါဆွေးနွေးညှိနှိုင်းမှုတွင် ဒီဂျစ်တယ်အသုံးပြုမှုဆိုင်ရာ သဘောတူညီချက်ပေးနိုင်သည့် အသက်အရွယ် (digital age of consent)ကို မြှင့်တင်ရန်၊ ဖုန်းအလွန်အကျွံအသုံးပြုမှုကို ရှောင်ရှားရန် ဖုန်းအသုံးပြုခွင့်ကန့်သတ်ချိန်များ(curfews)သတ်မှတ်ရန်နှင့် ဆက်တိုက်အသုံးပြုမှု(streaks)နှင့် အဆုံးမရှိအောက်သို့ဆွဲကြည့်ခြင်း(infinite scrolling)တို့ကို ကန့်သတ်ရန်စသည့် ရွေးချယ်စရာနည်းလမ်းများကို ထည့်သွင်းစီစဉ်ထားပါသည်။ဇွန်လ ၂ ရက် မတိုင်မီတွင် အစိုးရသည် ဆွေးနွေးညှိနှိုင်းမှုမှ တုံ့ပြန်မှုပေါင်း ၁၁၆,၀၀၀ ကျော် လက်ခံရရှိခဲ့ပြီး မိဘ ၁၀ ဦးတွင် ၉ ဦးက အသက် ၁၆ နှစ်အောက်ကလေးများ ဆိုရှယ်မီဒီယာနှင့် စမတ်ဖုန်းအသုံးပြုမှုအပေါ် ပိတ်ပင်မှုကို ထောက်ခံကြောင်း ဖော်ပြခဲ့ကြသည်။

သို့သော် စကော့တလန်နိုင်ငံ၏ ကလေးသူငယ်ရေးရာကော်မရှင်နာဖြစ်သူ နီကိုလာ ကီလီယန် (Nicola Killean)က အသက် ၁၆ နှစ်အောက်ကလေးသူငယ်များကို ဆိုရှယ်မီဒီယာ အသုံးပြုမှု ပိတ်ပင်ခြင်းသည် ကလေးများကို ပိုမိုဘေးကင်းလုံခြုံစေမည်ဆိုသည့် အထောက်အထားမှာ မလုံလောက်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။ထိုသို့ပိတ်ပင်ခြင်းသည် ကလေးများကို စည်းမျဉ်းသတ်မှတ်ချက်နည်းပါးသောသို့မဟုတ် ပိုမိုအန္တရာယ်များသော အင်တာနက်နယ်ပယ်များဆီသို့ တွန်းပို့ရာ ရောက်နိုင်သည်ဟု သတိပေးခဲ့သည်။ သူမက "ပိတ်ပင်လိုက်ရုံနဲ့ အမြတ်ထုတ်သည့် အယ်လ်ဂိုရီသမ်တွေနဲ့ အန္တရာယ်ရှိတဲ့ အကြောင်းအရာတွေ၊ စွဲလမ်းမှုတွေကို တွန်းအားပေးနေတဲ့ စီးပွားရေး

လုပ်ငန်းပုံစံတွေလိုမျိုး နောက်ကွယ်က အခြေခံပြဿနာတွေကို ဖြေရှင်းရာမရောက်ပါဘူး"ဟု ပြောကြားခဲ့သည်။

ဝေဖန်သူများကလည်း အလားတူ အလုံးစုံကန့်သတ်ချက်မျိုးသည် ကလေးများ၏ အွန်လိုင်း လှုပ်ရှားမှုများကိုအောက်ဆုံးသို့ ရောက်ရှိသွားစေသည်ဟုဆိုကြသည်။ဒီဇင်ဘာလတွင် ဩစတြေးလျ နိုင်ငံသည် အသက် ၁၆ နှစ်အောက် ကလေးများအား အဓိကဆိုရှယ်မီဒီယာ ပလက်ဖောင်းများ ပေါ်တွင် အကောင့်ဖွင့်ခြင်းကိုတားမြစ်သည့် တစ်နိုင်ငံလုံးဆိုင်ရာပိတ်ပင်မှုကို အကောင်အထည်ဖော် ခဲ့သည်။အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့ (Amnesty International)က ဤလုပ်ဆောင်ချက် များသည် အွန်လိုင်းအန္တရာယ်များကို မတားဆီးနိုင်ဘဲ "ထိရောက်မှုမရှိသည့် ယာယီဖြေရှင်းချက် (ineffective quick fix)"သာဖြစ်ကြောင်း ဝေဖန်ခဲ့သည်။ထိုကဲ့သို့ ကန့်သတ်ချက်များသည် ကလေး များ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ရာရောက်နိုင်သည့် အန္တရာယ်ရှိသည့်အပြင် အချက်အလက်များကို အမြတ်ထုတ်ကာ အသုံးပြုမှုကို အမြင့်ဆုံးဖြစ်အောင် ဒီဇိုင်းထုတ်ထားသည့် ပလက်ဖောင်းများ၏ အန္တရာယ်ရှိသော ကိုယ်ပိုင်စီးပွားရေးပုံစံကဲ့သို့သော နောက်ကွယ်က အခြေခံ ပြဿနာများကို ဖြေရှင်းနိုင်ခြင်း မရှိကြောင်း Amnesty က ထောက်ပြပြောဆိုထားသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.jurist.org/news/2026/06/uk-plans-to-restrict-under-16-access-to-high-risk-social-media-features/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

